**(၂၂ ) ကြိမ်မြောက် အာဆီယံ အာမခံလုပ်ငန်းကြီးကြပ်သူများ၏ အစည်းအဝေးနှင့်**

**(၄၅)ကြိမ်မြောက် အာဆီယံကောင်စီ အစည်းအဝေးအား**

**မြန်မာနိုင်ငံမှ အိမ်ရှင်နိုင်ငံအဖြစ်လက်ခံကျင်းပ**

**နိုဝင်ဘာလ ၂၇၊ နေပြည်တော်**

၂၇-၁၁-၂၀၁၉ ရက်နေ့ နံနက် (၀၉:၀၀) နာရီ အချိန်တွင် နေပြည်တော် Horizon Lake View Resort Hotel ၌ ကျင်းပပြုလုပ်သည့် (၂၂) ကြိမ်မြောက် အာဆီယံ အာမခံလုပ်ငန်း ကြီးကြပ်သူများ အစည်းအဝေးနှင့် (၄၅) ကြိမ်မြောက် အာဆီယံအာမခံကောင်စီ အစည်းအဝေး ဖွင့်ပွဲအခမ်းအနားသို့ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စု ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း တက်ရောက်၍ အဖွင့်အမှာစကားပြောကြားပြီး အခမ်းအနားအား ဖွင့်လှစ်ခဲ့ပါသည်။

အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ အာဆီယံနိုင်ငံများမှကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ စုစုပေါင်း ၁၂၀ ဦး တက်ရောက်ခဲ့ကြပါသည်။

အစည်းအဝေးသို့ တက်ရောက်လာသည့် ဒုတိယဝန်ကြီးနှင့် အာဆီယံနိုင်ငံများမှ ကိုယ်စားလှယ်များ မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကူး၍ အခမ်းအနားအား အောင်မြင်စွာ ဖွင့်လှစ်ခဲ့ပါသည်။

ဆက်လက်၍ (၂၂) ကြိမ်မြောက် အာဆီယံအာမခံလုပ်ငန်း ကြီးကြပ်သူများ အစည်းအဝေးကို နံနက်(၁၀:၃၀) တွင် ကျင်းပရာ အာဆီယံနိုင်ငံများမှ အာမခံလုပ်ငန်း ကြီးကြပ်သူ ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ စုစုပေါင်း ၇၀ ဦး တက်ရောက်ခဲ့ကြပါသည်။

၎င်းနောက် The ASEAN Cross Sectoral Coordinating Committee (ACSCC) – Disaster Risk Financing and Insurance (DRFI) Capacity Building Workshop ကိုလည်း နေ့လည် (၂:၀၀) နာရီတွင် ကျင်းပ ပြုလုပ်ခဲ့ပါသည်။

ညနေပိုင်းတွင် Gala Dinner အား Thingaha Hotel တွင် ကျင်းပရာ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စု ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း အာဆီယံနိုင်ငံများမှ အာမခံလုပ်ငန်းကြီးကြပ်သူများ နှင့် အာဆီယံ အာမခံကောင်စီ မှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ပါသည်။

သတင်းစဉ်

# The Republic of the Union of Myanmar hosts 22nd ASEAN Insurance Regulators' Meeting (AIRM) and 45th ASEAN Insurance Council (AIC) Meeting in Nay Pyi Taw

**27 November, Nay Pyi Taw**

U Maung Maung Win, Deputy Minister of the Ministry of Planning and Finance attended the inauguration ceremony for the 22nd ASEAN Insurance Regulators' Meeting (AIRM), 45th ASEAN Insurance Council (AIC) Meeting and related meetings which will be held at the Horizon Lake View Resort Hotel, Nay Pyi Taw in 09:00 a.m. of 27 November 2019.

Delegates from ASEAN Member States (AMS) and invited guests, 120 people in total attended at the inauguration ceremony.

Deputy Minister and delegates from ASEAN Member States (AMS) who attended the ceremony posed for documentary photo and successfully opened the ceremony.

Continuously, 22nd ASEAN Insurance Regulators' Meeting (AIRM) was held at 10:30 am and delegates, insurance regulators from ASEAN Member States (AMS) and invited guests, total in 70 people attended this meeting.

Then, the ASEAN Cross Sectorial Coordinating Committee (ACSCC) – Disaster Risk Financing and Insurance (DRFI) Capacity Building Workshop also was held in the afternoon (2:00 pm).

In the evening, "Gala Dinner" was held at the Thingaha Hotel and U Maung Maung Win, Deputy Minister of the Ministry of Planning and Finance, insurance regulators from ASEAN Member States (AMS) and delegates from ASEAN Insurance Council (AIC) joined the dinner.